Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (007/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၇/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မတ် (၇) ရက်နေ့မှ မတ်လ (၁၃) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- တည်ဆောက်ဆဲ နိုင်ငံပိုင် အထူးစီမံကိန်းများကို ရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံး လက်စသတ်ကြရန်နှင့် အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အမြတ်ထွက်ရေးအတွက် စီစဉ်ရန် နအဖ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ညွှန်ကြားလိုက်သည်။ **(NEJ 080310)** **Read More...**
- ယနေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်မြောက်ပိုင်း၊ နမ်းခမ်းမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြံ့ခိုင်ရေးအသင်းအမှုဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် စစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က "မကြာမီကျင်းပတော့မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးကြရန်" ပြောကြားလိုက်သည်။ **(NEJ 090310)** **Read More...**
- ၂၀၁၀ ပြည့်နှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့ ရက်စွဲဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ကြေညာလိုက်သည်။ **(Weekly Eleven 090310)** **Read More...**
- ယခုနှစ် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် စစ်အစိုးရက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ထုတ်ပြန်လိုက်ရာ ထောင်ကျနေသည့် အတိုက်အခံများကို ရွေးကောက်ပွဲမဝင်ရန် တားမြစ်ပိတ်ပင်ထားသည်။ **(Mizzima 090310)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) အနေနှင့် မကြာမီရက်ပိုင်းအတွင်း နိုင်ငံရေးပါတီ ထောင်မည်ဟူသည့် သတင်းတစ်ရပ် ရန်ကုန်သတင်းရပ်ကွက်တွင် ထွက်ပေါ်နေသည်။ **(Irrawaddy 110310)** **Read More...**
- ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဥပဒေများကို ယခုလ ၉ ရက်နေ့မှစတင်၍ နေ့စဉ် ထုတ်ပြန်လျက်ရှိရာ ယနေ့ထပ်မံထုတ်ပြန်လိုက်သည့် ဥပဒေ အခန်း (၁၆)၊ ၉၁ (ခ) တွင် ကျင်းပပြီးခဲ့သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု မရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲရလဒ်များ အလိုအလျောက်ပျက်ပြယ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေက ဆိုသည်။ **(Irrawaddy 110310)** **Read More...**



Created with nitroPDF professional
download the free trial online at nitropdf.com/professional

- အဖွဲ့ဝင် ၁၇ ဦးပါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို နအဖ အတွင်းရေးမှူး (၁) ဒု–ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက လက်မှတ်ရေးထိုးထုတ်ပြန်သော ကြေညာချက်တွင် တရားရုံးချုပ်မှ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးက ဥက္ကဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်၍ အဖွဲ့ဝင်များမှာ ဦးအင်ဇော်နော်၊ ဦးခင်မောင်နု၊ ဦးစိုးဘလှိုင်၊ ဒေါက်တာဘမောင်၊ ဦးညွန့်တင်၊ ဦးမောင်သာလှ၊ ဦးစိုင်းခမ်လှိုင်၊ ဦးအောင်မြင့်၊ ဦးမြင့်နိုင်၊ ဒေါက်တာတင်အောင်အေး၊ ဦးသာဦး၊ ဒေါက်တာမောင်ထူး၊ ဦးသာဌေး၊ ဦးဝင်းကြည်၊ ဒေါက်တာမြင့်ကြည်နှင့် ဒေါ်ခင်လှမြင့် တို့ဖြစ်သည်။ **(Mizzima 110310)** Read More...
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ ထုတ်ပြန်နေချိန် နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သျှမ်းပြည်မြောက်ပိုင်း ခရီးစဉ်တွင် တိုင်းရင်းသားအမည်ခံ စစ်ဗိုလ်ချုပ်များကို ခေါ်ဆောင်ကာ ပြည်သူအနေဖြင့် နိုင်ငံရေးပါတီဖြစ်လာမည့် ကြံ့ဖွံ့အသင်းအား မဲပေးကြရန် စည်းရုံးဟောပြောခဲ့သည်။ **(S.H.A.N 110310)** Read More...
- ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ပြီးနောက် စစ်အစိုးရအား ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ပေါ်ပေါက်လာမည်ကိုစိုးရိမ်သဖြင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးတင်းကျပ်ထားရန် သက်ဆိုင်ရာမှ လုံထိန်းတပ်ရင်းများအား ညွှန်ကြားချက် ထုတ်ပြန်လိုက်သည်ဟု အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောသည်။ **(Narinjara 110310)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အကျဉ်းကျခံနေရသည့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **SNLD** ဥက္ကဌ ဦးခွန်ထွန်းဦးနှင့် အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်တို့နှင့် တွေ့ဆုံခွင့်ရရှိရေးအတွက် **SNLD** အလုပ်အမှုဆောင်အဖွဲ့ဝင်များက နအဖစစ်အစိုးရကို ယခုလ ၆ ရက်နေ့တွင် ထပ်မံတောင်းဆိုလိုက်သည်။ **(RFA 080310)** Read More...
- စစ်အစိုးရ ကျင်းပမည့် ရွေးကောက်ပွဲအတွက် ဥပဒေများကို ထုတ်ပြန်လိုက်သော်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရွှေဂုံတိုင်ကြေညာစာတမ်းကိုပင် ဆက်လက်ဆုပ်ကိုင်သွားမည်ဟု **NLD** ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းတင်က ပြောသည်။ **(Mizzima 090310)** Read More...
- နအဖစစ်အစိုးရက ယခုနှစ်အတွင်း ကျင်းပမည့်ရွေးကောက်ပွဲသည် နအဖ အတွင်း ပါဝင်နေသည့် တာဝန်ရှိသူများ လည်း ရွေးကောက်ပွဲဝင်မည်ဟု သတင်းထွက်ပေါ်နေသဖြင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲနှင့် မတူကွဲပြားမှုများ ရှိနေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေက သုံးသပ်သည်။ **(VOA 090310)** Read More...
- နအဖထုတ်ပြန်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရပ်တည်ခွင့်မပေးသည့် သဘောဆောင်နေကြောင်းနှင့် **NLD** ရွေးကောက်ပွဲ ဝင်ရေးမဝင်ရေးထက် ပါတီရပ်တည်ရေးဆုံးဖြတ်ရန်အပ်လိုသည်ဟု ဦးဝင်းတင်က ပြောကြားလိုက်သည်။ **(NEJ 100310)** Read More...
- ရွေးကောက်ပွဲ ဥပဒေကို စစ်အစိုးရက ထုတ်ပြန်နေဆဲ၌ပင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်လျှင် ပါတီမထောင်၊ ရွေးကောက်ပွဲဝင်မည်မဟုတ်ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် **ALD** က ပြောဆိုလိုက်သည်။ **(Mizzima 100310)** Read More...
- စစ်အစိုးရ ရွေးကောက်ပွဲ ဥပဒေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေနှင့် ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီက ထုတ်ပယ်ရမည့် အခြေအနေမျိုးဖြစ်နေကြောင်း ပါတီပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 100310)** Read More...
- မြန်မာစစ်အစိုးရ ထုတ်ပြန်ကြေညာလိုက်သည့် ရွေးကောက်ပွဲဆိုင်ရာဥပဒေသည် ဒေါ်အောင်ဆန်းစုကြည်ပေါ် ကန့်သတ်မှုများ လွန်ကဲကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဌ ဦးတင်ဦးက ပြောသည်။ **(VOA 100310)** Read More...
- မြန်မာစစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို တိုင်းရင်းသားနိုင်ငံရေး ပါတီများအတွက် ပါတီမှတ်ပုံတင်ရန်နှင့် ရွေးကောက်ပွဲဝင်ရန် အခက်အခဲဖြစ်စေကြောင်း တိုင်းရင်းသား နိုင်ငံရေး အသိုင်းအဝိုင်းမှ ဆိုသည်။ **(VOA 100310)** Read More...



Created with nitro PDF professional
download the free trial online at nitropdf.com/professional

- မြန်မာစစ်အစိုးရက ယခုနှစ်အတွင်း ကျင်းပမည့်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ ထုတ်ပြန်လိုက်သည့် တချိန်တည်းတွင် အဓိကအတိုက်အခံပါတီတစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ တိုင်းနှင့်ပြည်နယ်ရုံး အတော်များများကို ပြန်လည်ဖွင့်လှစ်ခွင့် ပေးလိုက်သည်။ **(VOA 100310)** **Read More...**
- မြန်မာစစ်အစိုးရက ထုတ်ပြန်လိုက်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် အခက်အခဲ ဖြစ်စေမှုများရှိနေသော်လည်း အခက်အခဲများ ကျော်လွှားနိုင်မည့် နည်းလမ်းများတွေ့လိမ့်မည်ဟု ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားလိုက်သည်။ **(VOA 110310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့သွားရောက်တွေ့ဆုံခဲ့ကာ ယခုလက်ရှိပေါ်ပေါက်နေသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကိစ္စရပ်များကို ဆွေးနွေးခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က "၎င်းဥပဒေသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ရည်ညွှန်းရေးဆွဲထားခြင်းဖြစ်ကြောင်းနှင့် အင်မတန်ရှက်စရာကောင်းကြောင်း" ပြောကြားခဲ့သည်ဟု ပါတီပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ 110310)** **Read More...**
- စစ်တွေမြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ယခုလ ၁၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားသော်လည်း ယခုလ ၁၀ ရက်နေ့ညတွင် မသမာသူများက ဖြိုဖျက်ကာ ရုံးထဲရှိပစ္စည်းများကို သိမ်းယူခဲ့သည်။ **(Narinjara 110310)** **Read More...**
- ယနေ့ကျရောက်သည့် ဦးတင်ဦး၏ (၈၃) နှစ်မြောက် မွေးနေ့နှင့် ဦးဝင်းတင်၏ (၈၀) နှစ်ပြည့် မွေးနေ့တွင် **NLD** ရုံးချုပ်၌ လူငယ်များစုပေါင်းကာ ဂါရဝပြုကန်တော့ပွဲတရပ် ပြုလုပ်ခဲ့ရာ ဦးတင်ဦးနှင့် ဦးဝင်းတင်က မွေးနေ့ပွဲတွင် လူငယ်များကို နိုင်ငံအရေး၊ လူမှုရေးများတွင် ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ ရဲရဲဝံ့ဝံ့ လုပ်ကိုင်ကြရန် တိုက်တွန်းလိုက်သည်။ **(NEJ 120310)** **Read More...**
- ယမန်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဉာဏ်ဝင်းတို့ ၂ နာရီကြာ တွေ့ဆုံခဲ့ရာတွင် ဒေါ်အောင်ဆန်းစုကြည်က "ရွှေဂုံတိုင်ကြေညာစာတမ်းကို ဟောပြောဆွေးနွေးကြရန်နှင့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အဘယ့်ကြောင့် လက်မခံသင့်ကြောင်း ဆွေးနွေးကြရန်" ညွှန်ကြားခဲ့သည်ဟု ဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy 120310)** **Read More...**
- ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၎င်းတို့ခေါင်းဆောင် (၂) ဦးဖြစ်သည့် ဦးခွန်ထွန်းဦးနှင့် ဦးစိုင်းညွန့်လွင်တို့ကို နအဖမှ ပြန်လွှတ်မပေးမချင်း ပါတီမှတ်ပုံတင်ကိစ္စနှင့် ရွေးကောက်ပွဲကိစ္စများကို စဉ်းစားမည်မဟုတ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က ပြောသည်။ **(BBC 120310)** **Read More...**
- ကချင်လွတ်လပ်ရေးအဖွဲ့ **KIO** မှ ခေါင်းဆောင်အချို့က အဖွဲ့မှထွက်ကာ တည်ထောင်ထားသည့် **Kachin State Progressive Party (KSPP)** ကချင်ပြည်နယ် တိုးတက်ရေးပါတီက ရွေးကောက်ပွဲဝင်ရန် သေချာပြင်ဆင်မည်ဟု **KIO** နိုင်ငံခြားရေးဌာန ဒုတာဝန်ခံ ဗိုလ်မှူးကြီး ဂျိမ်းစလန်ဒေါင်းက ပြောသည်။ **(BBC 120310)** **Read More...**
- နအဖစစ်အစိုးရက ၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်လိုက်သည့်အပေါ် လက်ခံနိုင်စရာ အကြောင်းမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က တုံ့ပြန်လိုက်သည်။ **(DVB 120310)** **Read More...**
- "ဒီမိုကရေစီနိုင်ငံတော် ဖြစ်ဖို့၊ တိုင်းရင်းသားများ အခွင့်အရေးရဖို့ နိုင်ငံရေးအရဆက်ပြီး ကြိုးပမ်းရမယ့် အကြောင်း၊ နိုင်ငံရေးလုပ်တယ်ဆိုတာ ရွေးကောက်ပွဲဝင်မှ၊ နိုင်ငံရေးပါတီရှိမှ၊ တရားဝင်ပါတီရှိမှ နိုင်ငံရေးလုပ်လို့ ရတယ်လို့မခံယူ" ဟု ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးသာအောင်က ပြောသည်။ **(BBC 130210)** **Read More...**
- မြန်မာစစ်အစိုးရက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်ပြီးသည့်နောက် ယခုချိတ်ပိတ်ထားသော **NLD** ရုံးခွဲများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးသော်လည်း ရန်ကုန်တိုင်းအတွင်းက မြို့နယ်အချို့တွင် တားမြစ်မှုများ ရှိနေသည်ဟု ရန်ကုန်တိုင်းစည်း ဒု–ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းက ပြောသည်။ **(RFA 130310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံဥပဒေကို ဘာကြောင့်လက်မခံခြင်းနှင့် ရွှေဂုံတိုင်ကြေညာစာတမ်းများကို အဖွဲ့ဝင်များအပါအဝင် မဟာမိတ်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ချပြဆွေးနွေးသွားမည်ဟု **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(RFA 130310)** **Read More...**



Created with nitroPDF professional
download the free trial online at nitropdf.com/professional

## (ခ) တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ

- ရခိုင်ပြည် လွတ်မြောက်ရေးပါတီ **(ALP)** မှ နအဖ စစ်အစိုးရက ၂၀၁၀ ခုနှစ်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲကို လုံးဝဆန့်ကျင်ကြောင်း မတ်လ ၁၀ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်သော သဘောထားကြေညာချက်တွင် ဖော်ပြထားသည်။ **(Narinjara 110310)** Read More...
- နအဖ စစ်အစိုးရက ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် တရားမျှတမှုမရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စုစည်းထားသည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု **(NDF)** က ကန့်ကွက်ရှုတ်ချသည့် ကြေညာချက်တစ်စောင် မတ်လ ၁၃ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ **(DVB 130310)** Read Mroe...

## (ဂ) ပြည်ပအင်အားစုများ

- မြန်မာနိုင်ငံအနှံ့တွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် ကျူးလွန်နေသည့် အကြမ်းဖက် အနိုင်ကျင့်မှုများကို ရပ်တန့်ကာ သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) **WLB** က စစ်အစိုးရကို တောင်းဆိုလိုက်သည်။ **(RFA 080310)** Read More...
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာ့နိုင်ငံရေးပြဿနာအတွက် အဖြေမဟုတ်ကြောင်း ကနေဒါနိုင်ငံရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများက ယခုလ ၈ ရက်နေ့၌ ပြောဆိုလိုက်သည်။ **(RFA 090310)** Read More...
- ကရင်တိုင်းရင်းသားများအပေါ် နအဖစစ်တပ်၏ မတရားဖိနှိပ်သတ်ဖြတ်နေမှုများ ရပ်တန့်ပေးရန် နိုင်ငံ (၁၀) နိုင်ငံသို့ရောက်ရှိနေသည့် ကရင်လူမှုအသိုင်းအဝိုင်းများက ယခုလ ၉ ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ နအဖစစ်အစိုးရကို ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ **(KIC 100310)** Read More...
- မွန်အမျိုးသားများ ဦးဆောင်ကာ မြန်မာစစ်အာဏာရှင်များအား ဆန့်ကျင်ရှုတ်ချသည့်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံနှင့် အလံတော် နင်းချေမီးရှို့ဖျက်စီးသည့် အခမ်းအနားတစ်ရပ်ကို အမေရိကန်ပြည်ထောင်စု အိုဟိုင်ယိုးပြည်နယ် အိုင်ခရွန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ **(Kaowao 120210)** Read More...

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အပစ်ရပ် သျှမ်းပြည်တပ်မတော် ဥက္ကဋ္ဌ ဗိုလ်ချုပ်လွယ်မောဝ်၊ စပ်ခေးတိုင်း၊ စပ်လှမြင့်၊ စဝ်စိုင်းအွမ်တို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် သွားရောက်တွေ့ဆုံခဲ့ရာ နအဖဘက် အပစ်ရပ် **SSA** အပေါ် ကန့်သတ်ချက် (၆) ချက် ချမှတ်ခဲ့သည်။ **(S.H.A.N 090310)** Read More...
- မြန်မာစစ်အစိုးရက ယခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရန် ခြေလှမ်းတစ်ရပ် အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို စတင်ထုတ်ပြန်လိုက်ပြီဖြစ်သော်လည်း အပစ်ရပ်အဖွဲ့များ အခြေစိုက်ထားသည့် တရုတ်–မြန်မာနယ်စပ်တွင် စစ်ရေးအရတိုးမြှင့်လှုပ်ရှားမှုများ ရှိလာခြင်းကြောင့် ၎င်းဒေသများတွင် စိုးရိမ်ရသည့် အခြေအနေရောက်ရှိနေသည်။ **(VOA 090310)** Read More...
- မတ်လ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** အရာရှိများ အရေးတကြီးတွေ့ဆုံကာ ဗဟိုကော်မတီအစည်းအဝေး ကျင်းပခဲ့သော်လည်း အစည်းအဝေးရလဒ် ထုတ်ပြန်ကြေညာခြင်းမရှိသေးခင် နအဖနှင့် **KIO** အကြား တင်းမာမှုရှိလာကာ နှစ်ဖက်စစ်ရေးပြင်ဆင်မှုများ ရှိနေသည်။ **(KNG 100310)** Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** နှင့် စစ်အစိုးရအကြား နယ်ခြားစောင့်တပ်ဖွဲ့ ညှိနှိုင်းဆွေးနွေးရန် အဖြေမရခင်တွင် နှစ်ဖက်အကြား ပြည်တွင်းစစ်ပြန်ဖြစ်လာလျှင် ထွက်ပေါ်လာမည့် ကချင်စစ်ပြေးများအတွက် ဒုက္ခသည်စခန်းများကို တရုတ်အစိုးရက ကြိုတင်ပြင်ဆင်နေသည်ဟု တရုတ်နယ်စပ် ဒေသခံများက ပြောသည်။ **(KNG 110310)** Read More...



Created with nitroPDF professional
download the free trial online at nitropdf.com/professional

- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **KIO** ၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး လက်ခံမခံ အဖြေပေးရမည့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်အား မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ယနေ့ပြုလုပ်ခဲ့ကြောင်း အမည်မဖော်လိုသူ **KIO** အရာရှိတစ်ဦးက ပြောသည်။ **(NEJ 120310)** **Read More...**
- မွန်ပြည်သစ်ပါတီဥက္ကဌကြီး အပါအဝင် ထိပ်ပိုင်းခေါင်းဆောင် (၉) ဦးနှင့် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာချုပ်တွင် ယခုလအတွင်း တွေ့ဆုံနိုင်ရန် အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ရတခ) တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက တောင်းဆိုထားကြောင်း မွန်ပြည်သစ်ပါတီမှ ဆိုသည်။ **(NEJ 120310)** **Read More...**
- ယခုတပတ်အတွင်း ဝထိန်းချုပ်ဒေသအနီးသို့ နအဖတပ်များချဉ်းကပ်လာသကဲ့သို့ ဝတပ်ဖွဲ့ အကြီးအကဲများကလည်း ယခုလ ၂ ရက်နေ့က မည်သည့်အဖွဲ့မဆို မိမိထိန်းချုပ်နယ်မြေ သတ်မှတ်မျဉ်းအတွင်း ခြေလှမ်း ၁၀ လှမ်းမျှကျံဝင်လာပါက မိမိကိုယ်မိမိကာကွယ်ရန်အတွက် ပစ်မိန့်ထပ်ပေးထားကြောင်း ဝ အရာရှိတစ်ဦးက ပြောသည်။ **(S.H.A.N 120310)** **Read More...**

နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ရွေးကောက်ပွဲတွင် ကရင်နီပြည်အတွက်ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) အဖွဲ့အစည်းမှ ရန်ကုန်မြို့တွင် ပါတီမှတ်ပုံတင်ရန်နှင့် ပါတီနာမည်ပေးနိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ကရင်နီပြည်နယ် နိုင်ငံရေးအကြောင်းနှင့်ပတ်သက်၍ လေ့လာစောင့်ကြည့်သူတစ်ဦးက ပြောသည်။ **(Kantarawaddy Times 110310)** **Read More...**
- နအဖ တောင်းဆိုထားသည့်အတိုင်း နယ်ခြားစောင့်တပ် အသွင်းပြောင်းထားသည့် ကိုးကန့်တပ်ဖွဲ့နှင့် နအဖအကြား ကိုးကန့်အရာရှိ လင်စန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် ယခုလ ၁၁ ရက်နေ့ညနေက လုပ်ကြံသတ်ဖြတ်ခံလိုက်သည်။ **(DVB 130310)** **Read More...**

နိုင်ငံတကာဆောင်ရွက်မှုများ

(က) အစိုးရများ

- မြန်မာနိုင်ငံတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲသည် နိုင်ငံ၏ပြည်တွင်းရေးပြဿနာများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်မဟုတ်ဘဲ ဒီမိုကရေစီကို သွေဖည်သည့် ဟန်ပြရွေးကောက်ပွဲသာဖြစ်မည်ဟု ထိုင်းအထက်လွှတ်တော်အမတ် နိုင်ကရိုင်ဆတ် ချွန်ဟာဗန်က မဲဆောက်မြို့၌ သတင်းထောက်များကို ပြောကြားလိုက်သည်။ **(NEJ 080310)** **Read More...**
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက မြန်မာစစ်အစိုးရ ပြုလုပ်မည့် ရွေးကောက်ပွဲသည် အများလက်ခံယုံကြည်နိုင်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေကြောင်း ရေးသားထားသည့် စာတစ်စောင်ကို လွန်ခဲ့သည့် ၁၀ ရက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့သည်ဟု ယခုလ ၈ ရက်နေ့က ပြောကြားလိုက်သည်။ **(RFA 090310)** **Read More...**
- မြန်မာစစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲ ဥပဒေသည် မြန်မာ့နိုင်ငံရေးတွင် အဓိကကျသည့် နိုင်ငံရေးအင်အားစုနှင့် တိုင်းရင်းသားအင်အားစုတို့နှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုမရှိဘဲ တဘက်သတ်ထုတ်ပြန်ခြင်းကြောင့် လာမည့်ရွေးကောက်ပွဲအပေါ် ယုံကြည်လက်ခံနိုင်ရန်ခက်ခဲကြောင်းနှင့် စိုးရိမ်မိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် **P.J Crowley** က ပြောသည်။ **(VOA 100310)** **Read More...**
- စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲ မဝင်နိုင်ရန် ရွေးကောက်ပွဲဥပဒေထုတ်၍ တားဆီးလိုက်ခြင်းသည် လက်ခံနိုင်စရာမရှိကြောင်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** က ပြောသည်။ **(Mizzima 100310)** **Read More...**



Created with nitro PDF professional
download the free trial online at nitropdf.com/professional

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်နိုင်ငံရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ခွင့်ပေးရန် အမေရိကန်က ထပ်မံတောင်းဆိုလိုက်သည်။ **(VOA 100310)** [Read More...]
- မြန်မာစစ်အစိုးရ ထုတ်ပြန်ကြေညာလိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ပြစ်တင်ဝေဖန်လိုက်သည်။ **(VOA 110310)** [Read More...]
- မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့်စစ်ရာဇဝတ်မှု မြောက်နိုင်သည့်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ် ဖွဲ့စည်းစစ်ဆေးသွားရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် **Mr. Tomas' Ojea Quintana** က အဆိုတင် သွင်းလိုက်သည်။ **(NEJ 120310)** [Read More...]
- စစ်အစိုးရ၏ ရွေးကောက်ပွဲဥပဒေက အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၁၀၀ ကျော်သော နိုင်ငံရေးအကျဉ်းသားများကို ပိတ်ပင်ထားခြင်းကြောင့် အလွန်စိတ်ပျက်မိကြောင်းနှင့် နအဖက လမ်းမှားဘက်ကို တလှမ်းတိုးပြန်ကြောင်း အမေရိကန်အစိုးရက ယခုလ ၁၀ ရက်နေ့က ပြောကြားလိုက်သည်။ **(Mizzima 120310)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်ကို လာမည့်ရွေးကောက်ပွဲတွင် မပါဝင်နိုင်အောင် မြန်မာစစ်အစိုးရက ကန့်သတ်လိုက်ခြင်းကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် အမေရိကန်၏မူဝါဒသစ်သည် မအောင်မြင်သည့်သဘောရှိကြောင်း အရှေ့အာရှရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** က ပြောသည်။ **(RFA 120310)** [Read More...]
- ဒေသအတွင်း ခရီးလှည့်လည်သွားရောက်နေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာလက်ထောက် နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** သည် မြန်မာနိုင်ငံကို လာရောက်လည်ပတ်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးက အတည်ပြုပြောကြားလိုက်သည်။ **(Mizzima 120310)** [Read More...]
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေး၍ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် တွေ့ဆုံဆွေးနွေးရန်အတွက် စကင်ဒီနေးဗီးယန်း နိုင်ငံခြားရေးဝန်ကြီးများက နအဖစစ်အစိုးရကို တောင်းဆိုလိုက်သည်။ **(RFA 120310)** [Read More...]
- နအဖစစ်အစိုးရသည် အခြေခံ လူ့အခွင့်အရေးများကို အာမခံချက်ပေးထားသည့် ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ခြင်းမဟုတ်ကြောင်း ယခုလ ၁၁ ရက်နေ့ထုတ် အမေရိကန်အစိုးရ၏ ၂၀၀၉ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။ **(RFA 120310)** [Read More...]
- မြန်မာစစ်အစိုးရမှ ကျင်းပရန် ပြင်ဆင်နေသည့်ရွေးကောက်ပွဲအတွက် ထုတ်ပြန်လိုက်သည့် ဥပဒေသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အခြားအတိုက်အခံ ခေါင်းဆောင်များကို ပါဝင်ခွင့်မပေးသည့်အပေါ် ဝမ်းနည်းမိကြောင်းနှင့် ၎င်းရွေးကောက်ပွဲသည် အတုအယောင်ဖြစ်ကြောင်း အာဆီယံနိုင်ငံအဖွဲ့ဝင်ခေါင်းဆောင်အချို့က ပြောဆိုလိုက်သည်။ **(VOA 120310)** [Read More...]
- မြန်မာစစ်အစိုးရမှ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဥပဒေများသည် မြန်မာ့ဒီမိုကရေစီရေးအတွက် ဖြစ်မနေသဲ လွဲမှားသည့်လမ်းကြောင်းကို ဦးတည်နေကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပေးရန် ဥရောပသမဂ္ဂပါလီမန် ဥက္ကဋ္ဌ **Jerzy Buzek** က ပြောကြားလိုက်သည်။ **(VOA 120310)** [Read More...]

## အခြားအင်အားစုများ

- စစ်အစိုးရထံမှ ငွေကြေးတစ်စုံတရာမယူကြောင်း ငြင်းဆိုလိုက်ကာ ၎င်းပါတီအနေဖြင့် ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ပြီးပြီဖြစ်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးလွင်က ပြောဆိုလိုက်သည်။ **(Mizzima 110310)** [Read More...]
- ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဟု တရားဝင်ကြေညာထားသော ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးသုဝေ၊ ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်အဖွဲ့မှ ခေါင်းဆောင် ဦးရွှေအုံးနှင့် အဖွဲ့ဝင် ကိုနေမျိုးဝေတို့၏ ရွေးကောက်ပွဲဥပဒေ



Created with nitroPDF professional
download the free trial online at nitropdf.com/professional

အပေါ် သုံးသပ်ပြောဆိုချက်များကို လွတ်လပ်စွာရေးသားဖော်ပြခွင့်မရှိကြောင်း ရန်ကုန်အခြေစိုက် ဂျာနယ်သတင်းရပ်ကွက်မှ ဆိုသည်။ **(Mizzima 120310)** [Read More...]

- နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို စစ်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အမျိုးသားနိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ် အပါအဝင် ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်၊ ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်အဖွဲ့ စသည့်နိုင်ငံရေးပါတီ ၇ ဖွဲ့ခန့်က မှတ်ပုံတင် ရန်စောင့်ဆိုင်းနေသည်။ **(Irrawaddy 130310)** [Read More...]

## [ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ]

- ရန်ကုန်မြို့ တောင်ဒဂုံစက်မှုဇုန် ၁ ရှိ **SGI** အထည်ချုပ်စက်ရုံ၌ အလုပ်သမား ၄၀၀၀ ခန့်က လုပ်ခတိုးပေးရေးအတွက် ယခုလ ၆ ရက်နေ့က အလုပ်မဆင်းဘဲ ဆန္ဒပြခဲ့ရာ နာရီပိုင်းအကြာတွင် အလုပ်ရှင်က လိုက်လျောပေးသဖြင့် ပြေလည်မှု ရရှိခဲ့သည်။ **(Mizzima 080310)** [Read More...]
- ယခုတလော ရန်ကုန်မြို့ရှိ စက်မှုဇုန်များမှ အလုပ်သမားများသည် ၎င်းတို့၏ အခွင့်အရေးများအတွက် ဆိုက်တိုက်ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပွားခဲ့ရာ ယနေ့နံနက်ပိုင်း၌လည်း လှိုင်သာယာစက်မှုဇုန်ရှိ လပ်ကီးဖိနပ်စက်ရုံတွင် အလုပ်သမားများ စုပေါင်းဆန္ဒပြခဲ့ကြသည်။ **(RFA 080310)** [Read More...]
- ယခုလ ၈ ရက်နေ့က လှိုင်သာယာစက်မှုဇုန် အမှတ် (၂) **Lucky** ဖိနပ်စက်ရုံ၌ အလုပ်သမား ၅၀၀ ခန့် လုပ်အားခများလုံလုံလောက် ရရှိရန်နှင့် အချိန်ပိုကြေးများရရှိရန်အတွက် ရန်ကုန် – ပုသိမ်လမ်းမကြီးတွင် ဆန္ဒပြတောင်းဆိုခဲ့ရာ အာဏာပိုင်နှင့် စက်ရုံတာဝန်ရှိသူများ ညှိနှိုင်းကာ ချက်ချင်းလိုက်လျောပေးခဲ့သည်။ **(RFA 090310)** [Read More...]
- စက်မှုဇုန်များနှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းပေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒု–ဗိုလ်ချုပ်ကြီး မြင့်ဆွေက ပြောကြားခဲ့သော်လည်း အလုပ်ရှင်နှင့်မပြေလည်သေးသည့် စက်ရုံများရှိနေသေးကြောင်း အလုပ်သမားနှင့် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ အသိုင်းအဝိုင်းမှ ဆိုသည်။ **(NEJ 100310)** [Read More...]
- မြန်မာစစ်အစိုးရ ထုတ်ပြန်ကြေညာလိုက်သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် နိုင်ငံရေးပါတီများအပေါ် ကန့်သတ်မှုများလွန်းခြင်းနှင့် တရားမျှတမှု မရှိခြင်းကြောင့် ကျေနပ်မှုမရှိကြောင်းနှင့် ကန့်ကွက်လိုကြောင်း ရန်ကုန်မြို့ခံများက ပြောဆိုနေကြသည်။ **(Irrawaddy 110310)** [Read More...]

---

***End of report/ Saturday, March 13, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---



Created with nitro PDF professional
download the free trial online at nitropdf.com/professional